THE REPUBLIC OF THE UNION OF MYANMAR
THE SUPREME COURT Of THE UNION

သတင်းထုတ်ပြန်ချက်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းထားသော ရာဇဝတ်/တရားမ/စာချွန်တော် မှုခင်းများကို Video Conferencing စနစ်ဖြင့် ကြားနာရန် ကြေညာ

*နေပြည်တော်၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂၅ ရက်နေ့*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းထားသော ရာဇဝတ်ဆိုင်ရာမှုခင်းများ၊ တရားမဆိုင်ရာမှုခင်းများအနက် လက်ခံသင့် မသင့်ကြားနာရန် အမှုများ၊ စာချွန်တော်ဆိုင်ရာ မှုခင်းများအနက် ကနဦးကြားနာရန် အမှုများကို Video Conferencing စနစ်ဖြင့် ၂၁-၁၂-၂၀၂၀ ရက်နေ့ နံနက် ၀၉:၃၀ နာရီမှ စတင်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရုံးခန်းအမှတ် (၂) / (၃) တို့တွင် ကြားနာမည်ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်ပါသည်။

ထိုသို့ Video Conferencing စနစ်ဖြင့် အမှုများကြားနာစီရင်ခြင်းကို Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသွားအလာ ကန့်သတ်ချက်များ ရုပ်သိမ်းပြီးနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမိန့်တစ်စုံတစ်ရာ ထပ်မံထုတ်ပြန်သည့်အချိန်ထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကြားနာမည့် အမှုစာရင်းများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး Website: www.unionsupremecourt.gov.mm နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်သူ့ဆက်ဆံရေးဌာနခွဲ၏ Facebook: https://www.facebook.com/ousc.publicrelations တို့တွင် ရက်သတ္တပတ် (၃) ပတ်ကြိုတင်၍ ကြည့်ရှုနိုင်ပါသည်။

ကြားနာမည့်အမှုများမှ တရားလွှတ်တော်ရှေ့နေများ၊ အမှုသည်များသည် Video Conferencing စနစ်ဖြင့်ကြားနာခြင်းကို ဆောင်ရွက်နိုင်ခြင်းမရှိပါက သက်ဆိုင်ရာဌာနများသို့ ကြားနာမည့်ရက်မတိုင်မီ (၅) ရက် ကြိုတင်အကြောင်းကြားရန်ဖြစ်ပြီး အဆိုပါအမှုများကို Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ အသွားအလာကန့်သတ်ချက်များ ရုပ်သိမ်းပြီးနောက်တွင် လျာထားပေးမည် ဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နေပြည်တော်